# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

# တတိယနေ့မှတ်တမ်း

# ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်၁၂ ရက်

# (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်)

# (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၆ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၅-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး တတိယနေ့ သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ကျွန်မဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ယနေ့ ခွင့်ပြန်ကြားသူ ၂ ဦးရှိပါတယ်။ ၎င်းတို့မှာ-

(၁) ရွှေးတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ယူထားသူ ၅ ဦး ယနေ့ ခွင့်ပန်ကြားသူ ၂ ဦး စုစုပေါင်း ၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ဖြင့် ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစတာကျန်းတဲ့ကျန်းက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ပြီးချိန်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစတာကျန်းတဲ့ကျန်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာမှုကို မှတ်တမ်းတင်ထားရှိမည်ဖြစ် ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့(၄-၂-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် နောင်ချိုမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးစတီဖန်၊ ကျိုင်းတုံမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးဉာဏ်လင်း | ရေပြည်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါ်ခင်ဌေးကြွယ် | ချောင်းဆုံမဲဆန္ဒနယ် | ။ |
| (၃) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | ။ |
| (၄) | ဦးဝေလင်းထွန်း | ပုသိမ်မဲဆန္ဒနယ် | ။ |
| (၅) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | ။ |
| (၆) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | ။ |

| | | | |
|---|---|---|---|
| (၇) | ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် | ။ |
| (၈) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | ။ |
| (၉) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | ။ |
| (၁၀) | ဦးဒွေးဝွေ | မြောင်မဲဆန္ဒနယ် | ။ |
| (၁၁) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး) | ။ |
| (၁၂) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ။ |
| (၁၃) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၄-၂-၂၀၁၆)ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးအောင်မင်း၊ ဇလွန်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်သန်း၊ တောင်ငူမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးခင်ချို | လိုင်းဘွဲ့မဲဆန္ဒနယ် | ॥ |
| (၃) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | ॥ |
| (၄) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | ॥ |
| (၅) | ဦးရေလှ(ခ)ဦးရေလှဝင်း | သဃ်ဃန်းကၢန်းမဲဆၢ္ဒနယ် | ॥ |
| (၆) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | ॥ |
| (၇) | ဒေါ်နီနီဗွန်း | ပေါက်ခေါင်းမဲဆန္ဒနယ် | ॥ |
| (၈) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | ॥ |
| (၉) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | ॥ |
| (၁၀) | ဒေါက်တာအောင်ခင် | ပြင်ဦးလွင်မဲဆန္ဒနယ် | ॥ |
| (၁၁) | ဦးမျိုးညွန့် | ဟုမလင်းမဲဆန္ဒနယ် | ॥ |
| (၁၂) | ဦးစစ်အေး | တောင်သာမဲဆန္ဒနယ် | ॥ |
| (၁၃) | ဗိုလ်မှူးချုပ်သန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လတ်တော်ဥက္ကဋ္ဌက လတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုဆက်လက်ပြီး လတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါ

တယ်။ ဒီလိုဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဦးတီခွန်မြတ်(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)နှင့်အညီ လွှတ်တော်ကော်မတီများဖွဲ့စည်းခြင်းဟာ လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေးတာဝန်များကို စတင်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ပြီးဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်ပါတယ်။

### ကော်မတီ၏သက်တမ်း

ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

### ကော်မတီရဲ့ တာဝန်များ

ကော်မတီသည် -

(က) မိမိထံလဲအပ်သော ကိစအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့လဲအပ်သော ကိစများနှင့်စပ်လျဉ်းသောအချက်များကို အခြေပြု၍ လတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာရောက်/မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မ ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစနှင့်စပ်လျဉ်း၍ လတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) လတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လတ်တော်သို့ တင်ပြနိုင်သည်။

ကော်မတီသည် လတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်။

အထက်ဖော်ပြပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလိုပါ။

(ခ) ကော်မတီတွင်တင်ပြသည့်ကိစတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း

မပြုရ။ လတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

ကော်မတီ၏ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည် ။

(က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ထားသော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့ တင်ပြရမည်။

(ခ ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာ စည်းဝေး၍ လွှတ်တော်ကသတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာ တင်ပြရမည့် ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံ လွှဲအပ်တာဝန်ပေးအပ်သောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောထားကွဲလွဲချက်များ ကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်ထားသည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင် ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

**ကော်မတီသည် မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-**

(က) လိုအပ်သည့်ပြင်ပမှပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်း များ၊ မှတ်တမ်းများကိုလည်း ဖော်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်း များသည် ကော်မတီ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည်/ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံး အဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရမည်။ ကော်မတီ၏ ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ်တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျို့ဝှက်ထားသင့်/မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

(က) ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုကို ဆောလျင်စွာ တင်သွင်းရမည်။

( ခ ) ယင်းအဆိုအတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆို တင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုကို တင်သွင်းရမည်။

**ကော်မတီဝင်များသည် -**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည် ။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည် ။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန်၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

**ကော်မတီဝင်များသည်-**

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း မှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခြင်းခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကိုလေးစားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | ။ |
| (၄) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | ။ |
| (၅) | ဦးစိန်ပိုလ် | မြဝတီမဲဆန္ဒနယ် | ။ |
| (၆) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | ။ |
| (၇) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | ။ |
| (၈) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | ။ |
| (၉) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | ။ |
| (၁၀) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | ။ |
| (၁၁) | ဦးစိုင်းစန်သိန်း | မိုးနဲမဲဆန္ဒနယ် | ။ |
| (၁၂) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | ။ |
| (၁၃) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | ။ |
| (၁၄) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | ။ |

**မူကြမ်း**

(၁၅) ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ် အတွင်းရေးမှူး တို့ဖြစ်ကြပါတယ်။

လတ်တော်အခွင့်အရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

**ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဦးတီခွန်မြတ်(ဒုတိယဥက္ကဋ္ဌ)**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို ကျန်တော့်အနေနဲ့ စုစည်းဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

ကော်မတီ၏သက်တမ်းသည် ပြည်သူ့လတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ လတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန် ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင်၊ ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ။

အထက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမတွဲအဖြစ်တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

ကော်မတီ၏အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည်-

(က) အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်ပါသည်။

(ဂ) အစီရင်ခံစာကို လတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လတ်တော် ဥက္ကဋ္ဌက သတ်မှတ်ထားသောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရ မည်။ ယင်းအဆိုအတည်ဖြစ်သောအခါ လတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လတ်တော်က ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(င) လတ်တော်က သက်မှတ်ထားသည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လတ်တော် ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လတ်တော်၏ လတ်တော်ကော်မတီအများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည် ။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်သူ့လတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**မူကြမ်း**

ကော်မတီသည် လတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်ခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုတင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်သည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက် ပိုပြီးဆွေးနွေးခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည့်အပြင် လတ်တော်က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည် -

(က) ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း ပြည်သူ့လတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အခု ဖတ်ကြားတင်ပြသွားတဲ့ အချက်အလက်များဟာ ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းချက်မှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် သက်ဆိုင်သည့် အချက်အလက်များကို ကောက်နုတ်ပြီး စုစည်းတင်ပြခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့တင်ပြပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာမေဝင်းမြင့် | မရမ်းကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးနိုင် | ချမ်းအေးသာစံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဝင်းအောင် | ခင်ဦးမဲဆန္ဒနယ် | ״ |
| (၄) | ဦးအောင်သိန်း | ဗန်းမော်မဲဆန္ဒနယ် | ״ |
| (၅) | ဒေါ်နီရေလျှန်း | ထန်တလန်မဲဆန္ဒနယ် | ״ |
| (၆) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံမဲဆန္ဒနယ် | ״ |
| (၇) | ဒေါ်တင်တင်ရီ | ကျန်းစုမဲဆန္ဒနယ် | ״ |

(၈) ဦးထွန်းထွန်း ပွင့်ဖြူမဲဆန္ဒနယ် ။

(၉) ဒေါ်ခင်စောဝေ ရသေ့တောင်မဲဆန္ဒနယ် ။

(၁၀) ဦးခွန်အောင်ကျော် ဟိုပုန်းမဲဆန္ဒနယ် ။

(၁၁) ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် တန့်ယန်းမဲဆန္ဒနယ် ။

(၁၂) ဦးဝင်းထူး နမ့်ဆန်မဲဆန္ဒနယ် ။

(၁၃) ဦးခင်မောင်ဦး ကျောက်တံခါးမဲဆန္ဒနယ် ။

(၁၄) ဗိုလ်မှူးချုပ်တင်စန်းနိုင် တပ်မတော်သားကိုယ်စားလှယ် ။

(၁၅) ဦးဇုန်းတိန့် ချီဖွေမဲဆန္ဒနယ် အတွင်းရေးမှူး တို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးဇုန်းတိန့်၊ ချီဖွေမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဖွဲ့စည်းကြောင်းနှင့် ကော်မရှင်တွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၂ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၀၈ အရ လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသောအကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စရပ်များကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့ဝင်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၀၉ တို့အရ ၎င်းတို့ရဲ့

တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်း ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ယခု ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းကြောင်းနှင့် ကော်မရှင်မှာပါဝင်မယ့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဖွဲ့ဝင် ၂၃ ဦးနဲ့ဖွဲ့စည်းတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့အဖွဲ့ဝင်များကတော့-

| | | |
|---|---|---|
| (၁) | သူရဦးရွှေမန်း | |
| (၂) | ဦးကိုကိုနိုင် | ရမည်းသင်းမဲဆန္ဒနယ် |
| (၃) | ဦးခင်မောင်ထွန်း | တွဲဖက်စစ်ထောက်ချုပ်(ငြိမ်း) |
| (၄) | ဦးကျင်ဖေ | ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွန်ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (၅) | ဦးဇော်မြင့်ဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>နိုင်ငံတော်အေးချမ်းသာယာရေးနှင့်<br>ဖွံ့ဖြိုးရေးကောင်စီရုံး |
| (၆) | ဦးမောင်တိုး | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ပုလဲလုပ်ငန်း |
| (၇) | ဦးကြည်သာ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း |
| (၈) | ဦးအေးမောက် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>စက်မ(၁)ဝန်ကြီးဌာန |
| (၉) | ဦးသိန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>မြန်မာ့ရေနံဓာတုလုပ်ငန်း |
| (၁၀) | ဦးတင်မောင်ဦး | ဗိုလ်မှူးကြီး(ငြိမ်း) |

**မူကြမ်း**

| | | |
|---|---|---|
| (၁၁) | ဦးဝင်းသန်း | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန |
| (၁၂) | ဦးစောလှထွန်း | ကုမဏီဥက္ကဋ္ဌ |
| (၁၃) | ဒေါက်တာစိုးမိုးအောင် | ဒုတိယဦးစီးမှူး(ငြိမ်း)၊ တိ/မွေးကုဦးစီးဌာန |
| (၁၄) | ဦးစိုးရယ် | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန |
| (၁၅) | ဦးခင်မောင်တင် | သံအမတ်ကြီး(ငြိမ်း) |
| (၁၆) | ဦးတင်ဝင်း | ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုတရားလတ်တော်ချုပ် |
| (၁၇) | ဦးအောင်မြင့်ထွန်း | တွဲဖက်ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ ရှမ်းပြည်နယ် |
| (၁၈) | ဒေါ်သန်းသန်းရီ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၁၉) | ဦးကျော်ဆန်း | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (၂၀) | ဦးအေးဟန် | ညွှန်ကြားရေးမှူး(ငြိမ်း)၊တနင်္သာရီတိုင်းဒေသ းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (၂၁) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး(ငြိမ်း)၊ဧရာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (၂၂) | ဦးစံရေအောင် | အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂၃) | ဦးခင်မောင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး |

တို့ဖြစ်ကြပါတယ်။

**မှူကြမ်း**

ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် သူရဦးရေမန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကိုကိုနိုင်၊ ရမည်းသင်းမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

**ဦးတီခွန်မြတ်(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဖတ်ကြားသွားတဲ့ ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မဖတ်ကြားခင် ကျန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ဖို့ ပထမအကြိမ်ရဲ့ ဖွဲ့စည်းမှုအခြေအနေလေးတွေနဲ့ ဒီကော်မရှင်အနေနဲ့ ကော်မတီကို ဘယ်လိုအထောက်အကူပြု ဆောင်ရွက်ခဲ့တယ်ဆိုတဲ့အပိုင်းကို ကျန်တော့်အနေနဲ့ အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းမှာ ကျန်တော်တို့ အမြဲတမ်းကော်မတီ(Standing Committee) လေးခုနှင့် Add-hod Committee လို့ခေါ်တဲ့ သီးခြားထပ်မံဖွဲ့စည်းထားတဲ့ လိုအပ်ချက်အရ သီးခြားဖွဲ့စည်းထားတဲ့ ကော်မတီ ၁၉ ခု စုစုပေါင်းကော်မတီအားလုံး ၂၃ ခု ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီ ၂၃ ခုကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီကော်မတီ ၂၃ ခုရဲ့ ဥပဒေပြုရေးနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရေးတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များမဟုတ်သော ပြင်ပမှ အတွေ့အကြုံရင့်ကျက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တတ်သိပညာရှင်များပါဝင်တဲ့ ကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မရှင်ဟာဆိုလို့ရှိရင် ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ပဲဖြစ်ပါတယ်။ ကော်မရှင်ရဲ့ကူညီပံ့ပိုးမများကြောင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း ကျန်တော့်အနေနဲ့တင်ပြလိုပါတယ်။

**မူကြမ်း**

ကော်မရှင်တွင်ပါဝင်ခဲ့သော ပညာရှင်များကိုလည်း အထူးပဲကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြီး တင်ပြအပ်ပါတယ်ခင်ဗျား။

ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းများကို ကျန်တော့်အနေနဲ့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်ပါတယ်။

**ကော်မရှင်၏သက်တမ်း**

ကော်မရှင်၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မရှင်၏လုပ်ငန်းတာဝန် ဆောင်ရွက်မအခြေအနေအရ တစ်နှစ်ပြည့်မြောက်တဲ့အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်၏သက်တမ်းကာလအတွင်း အဖွဲ့ဝင်များကို သင့်တော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ကော်မရှင်သည် -

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ခ) အထူးကိစရပ်များပေါ်ပေါက်လာပါက ၎င်းကိစရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရပါတယ်။

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်ရမည်။

(င) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံဉာဏ်ပေးရမည်။

ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။ ကော်မရှင်အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ရှိသည်။ ကော်မရှင်သည် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်အပေါ် မူတည်၍ လုံခြုံမအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

**ကော်မရှင်၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

ကော်မရှင်အဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ၆၀၀၀၀၀၊ တာဝန်အရ ခရီးသွားလာခြင်းအတွက် အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၅၀၀၀၊ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်နေ့လျှင် ကျပ် ၁၀၀၀၀ ခံစားခွင့်ရှိသည်။ ထို့အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ ပါဝင်သည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မရှင်ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မရှင်ဖွဲ့စည်းမနှင့် ကော်မရှင်ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လတ်တော်က သဘောတူတဲ့အတွက် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းအားလည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဦးကိုကိုနိုင်၊ ရမည်းသင်းမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | |
|---|---|---|
| (၁) | ဦးခင်မောင်ထွန်း | တွဲဖက်စစ်ထောက်ချုပ်(ငြိမ်း) |
| (၂) | ဦးကျင်ဖေ | ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွန်ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (၃) | ဦးဇော်မြင့်ဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>နိုင်ငံတော်အေးချမ်းသာယာရေးနှင့်<br>ဖွံ့ဖြိုးရေးကောင်စီရုံး |
| (၄) | ဦးမောင်တိုး | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ပုလဲလုပ်ငန်း |
| (၅) | ဦးကြည်သာ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း |
| (၆) | ဦးအေးမောက် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>စက်မ(၁)ဝန်ကြီးဌာန |
| (၇) | ဦးသိန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>မြန်မာ့ရေနံဓာတုလုပ်ငန်း |
| (၈) | ဦးတင်မောင်ဦး | ပိုလ်မှူးကြီး(ငြိမ်း) |
| (၉) | ဦးဝင်းသန်း | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊<br>ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန |
| (၁၀) | ဦးစောလှထွန်း | ကုမ္ပဏီဥက္ကဋ္ဌ |
| (၁၁) | ဒေါက်တာစိုးမိုးအောင် | ဒုတိယဦးစီးမှူး(ငြိမ်း)၊ တိ/မွေးကုဦးစီးဌာန |
| (၁၂) | ဦးစိုးရယ် | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>သာသနာရေးဝန်ကြီးဌာန |

**မှုကြမ်း**

| | | |
|---|---|---|
| (၁၃) | ဦးခင်မောင်တင် | သံအမတ်ကြီး(ငြိမ်း) |
| (၁၄) | ဦးတင်ဝင်း | ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၁၅) | ဦးအောင်မြင့်ထွန်း | တွဲဖက်ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ ရှမ်းပြည်နယ် |
| (၁၆) | ဒေါ်သန်းသန်းရီ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၁၇) | ဦးကျော်ဆန်း | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (၁၈) | ဦးအေးဟန် | ညွှန်ကြားရေးမှူး(ငြိမ်း)၊ တနင်္သာရီတိုင်းဒေသ း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (၁၉) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (၂၀) | ဦးစံရေအောင် | အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂၁) | ဦးခင်မောင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်

အစည်းအဝေး စတုတနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (တနင်္လာနေ့) နေ့လယ် ၁၁း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ အစည်းအဝေးကို ယနေ့ နေ့လယ် ၁၁း၁၅ မိနစ်မှာ I-2 မှာကျင်းပမှာဖြစ်တဲ့အတွက် ဥပဒေကြမ်း ကော်မတီဝင်အားလုံး တက်ရောက်ပေးဖို့ ပန်ကြားလိုပါတယ်။ ထပ်မံပြီးတော့ ပြည်သူ့ငွေစာရင်း ကော်မတီ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ ဒုတိယဥက္ကဋ္ဌရုံးခန်းမှာ သွားရောက်တွေ့ဆုံဖို့ ပန်ကြားလိုပါ တယ်။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]